# လေဖျားသွင်

အဆင့်မြင့်ချည်တိုင်



ဒုတိယအကြိမ်

# ဒုတိယအကြိမ်အတွက်
# အမှတ်တရစကား

ဒီဝတ္ထုဟာ မြန်မာစာပေလောကအတွက် ဘာမှ မဟုတ်သော်လည်း ကျွန်တော့်ရဲ့ စာရေးဆရာဘဝမှာ ‘ဝေမှူးသွင်’ ဆိုတဲ့ နေရာတစ်ခုကို ဖြစ်လာစေခဲ့တဲ့ စာအုပ်မို့ ကျွန်တော့်အတွက်တော့ အရေးကြီးပါတယ်။ ကျွန်တော့်ကို ပထမတုန်းက အသိအမှတ်မပြုခဲ့သူတချို့ကလည်း ဒီစာအုပ်ကြောင့် ‘ဒီကောင် စာရေးတတ် တယ်ကွ’ ဆိုပြီး အသိအမှတ်ပြုခံရပါတယ်။

မှန်တဲ့ အတိုင်း ပြောရရင် ဒီစာအုပ်ဟာ ကျွန်တော်ရေးတတ်သလို လျှောက်ရေးထားတာတွေပါ။ ဖတ်မိတဲ့ လူတချို့ကလည်း သဘောကျတယ်လို့ ပြောကြပါတယ်။ သဘောမကျဘူး၊ ကဗျာပဲရေး၊ အပျော်ဖတ် အချစ်ဝတ္ထုတွေလျှောက်မရေးနဲ့ လို့ ပြောတဲ့ လူလည်း ရှိတယ်။ ကျွန်တော်မသိအောင် ဆဲတဲ့ လူလည်း ရှိနိုင်ပါ တယ်။ ပြန်ဖတ်ကြည့်တော့ တချို့နေရာတွေ ဖြုတ်ပြီးပြန်ပြင်ရေးချင်ပေမယ့် နဂိုအတိုင်းပဲ ထားချင်တဲ့ စိတ်က ပိုများ နေလို့ ပထမအကြိမ်တုန်းကအတိုင်း ဘာမှ မပြင်ဘဲ ထပ်မံထုတ်ဝေလိုက်ပါရဲ့ ။

(၂၂)နှစ်သား ကောင်လေးတစ်ယောက်ရဲ့ အချစ်ခံစားမှုနဲ့ ဘဝအမြင်ကို ခင်ဗျားတို့ က နည်းနည်း လောက် စိတ်လှုပ်ရှားတယ်ဆိုရင်ပဲ ကျွန်တော်က ကျေနပ်ပါတယ်။

လေးစားလျက်-

ဝေမှူးသွင်

*

# မျက်ဝန်းတစ်စုံသို့ လေ့လာချက်

## [၁]

ကျွန်တော့်ဘဝရဲ့ နူးညံ့သိမ်မွေ့မှု၊ မျှော်လင့်ချက်၊ တောက်ပသောအလင်း၊ အနုပညာ၊ ပြီးတော့ ချစ်ခြင်းမေတ္တာတရား. . အားလုံးဟာ တစ်ပြိုင်နက်တည်း ထွန်းကားခဲ့တဲ့ အချိန်တစ်ချိန် ရှိခဲ့ဖူးပါတယ်။ အချိန်ခပ်တိုတိုအတွင်းမှာ ကျွန်တော်နဲ့ သူဟာ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ကြီးခဲ့ကြတယ်။ ကျွန်တော့်ဘက်က လုံးဝမထင်မှတ်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုပေါ့။

ကျွန်တော်တို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ အရမ်းချမ်းလှတဲ့ ဒီဇင်ဘာရက်စွဲများမှာ စတင်ခဲ့ပြီး အဲဒီဆောင်းရာသီရဲ့ အဆုံးသတ်အချိန်တွေမှာ ပဲ သူမဟာ ကျွန်တော့်ကို ထားရစ်ပြီး ထွက်ခွာသွားခဲ့ပါတယ်။ ကျွန်တော့်အတွက်တော့ ဆောင်းအိပ်မက်တစ်ခုလိုပါပဲ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အဲဒီအခါးတွေကိုပဲ ပျော်ရွှင်စွာ သဘောတူနှစ်လိုခဲ့ပါရဲ့ ။ လူတစ်ယောက်မှာ အမြဲတမ်းတစ်ခုတည်း ရရှိဖို့ဆိုတာ မဖြစ်နိုင်ဘူး မဟုတ်လား။

*

## [၂]

အဲဒီကာလတွေမှာ ကျွန်တော့်ရဲ့ ဖြူစင်ခြင်းအဓိပ္ပာယ်အားလုံးကို

'သိုးကလေး'လို့ ကျွန်တော်က နာမည်ပေးခဲ့ပါတယ်။ မြူတွေပါးပါးလျှ လျှ ကျနေတတ်တဲ့ နံနက်ခင်းတွေမှာ သိုးကလေးတစ်ကောင်နဲ့ လက်ဖ က်ရည်အတူတူသောက်ဖို့ ကျွန်တော်ဟာ တာဝန်ကျခဲ့တယ်။

နောက်. . . ပိုင်စိုးဝေရဲ့ "တစ်နေ့မှ မေ့မရသူလေးသို့" ဆိုတဲ့ ကဗျာ ကို အတူခံစားပေးဖို့ ၊ ဇော်ဝင်းထွဋ်ရဲ့ "ဂျစ်ပစီမိုးတိမ်" သီချင်းကို သူ့ ဘေးကနေ လိုက်ပါဆိုညည်းဖို့ ၊ သူ သွားချင်တဲ့ ခရီးတချို့ကို မဖြစ်မနေ ရအောင်ပို့ဆောင် ပေးဖို့ ၊ သွားရင်း၊ လာရင်း၊ ပြောရင်း၊ ဆိုရင်း သူ့ရဲ့ အ တည်ပေါက်နဲ့ နောက်ပြောင်ခေါင်းမာမှုတွေကို အသေးစိပ် ငေးရီမှတ် သားထားဖို့ (... စသဖြင့်) ကျွန်တော်ဟာ ယုံကြည်စွာ ဆောင်ရွက်ခဲ့ပါတ ယ်။

တစ်ခါက သူ့ကို ကျွန်တော်လက်ဆောင်ပေးလိုက်တဲ့ ကဗျာစာအုပ်မှာ "တစ်ခုခုကို ရူးသွပ်ရင် ဘယ်တော့မှ နောက်ပြန်လှည့် မကြည့်နဲ့ "လို့ ရေးပေးခဲ့ဖူးတယ်။ တကယ့်ကိုပါပဲဗျာ...။ ကိစ္စတစ်ခုမှာ ဆိုရင် ကျွန်တော့်ကိုတောင် ပြန်လှည့်မကြည့်တော့ဘဲ သူဟာ ရူးသွပ်ပြ ခဲ့တယ်။ ကျွန်တော့်မှာ ကိုယ့်ကိုယ်ကိုယ် မထင်မှတ်လောက်အောင် လှုပ် လှုပ်ရှားရှား ဖြစ်ခဲ့ပေမယ့် ကိုယ့်စကားနဲ့ ကိုယ်မို့ သူ့ကို ပြုံးပြနှုတ်ဆက် ရုံထက် မပိုခဲ့ပါဘူး။

ပြီးတော့ အကုန်လုံးက အကုန်လုံးကို ငြင်းဆန်ခွင့်၊ အကုန်လုံးက အ ကုန်လုံးကို လက်ခံခွင့်တဲ့ ။ ကျွန်တော်ကိုယ်တိုင် အသံထွက်ကျယ်ခဲ့ဖူး တဲ့ စကားတွေလေ။

ယဉ်ကျေးတဲ့ စိတ်ကူးစိတ်သန်းများ နဲ့ ခံစားချက်ဟာ တစ်ထပ်တည်းကျဖို့ လည်း ကျွန်တော် မမျှော်လင့် ချင်တော့ပါဘူး။ တစ် ခါတစ်ခါမှာ နာကျင်မှုဟာ ရှေ့မှာ ကြိုရောက်နှင့်နေတတ်ကြောင်း ကျွန်

တော်သိခဲ့ပါပြီ။ အချိန်နည်းနည်း စောသွားတာကလွဲရင် အားလုံးဟာ သေသပ်လှပခဲ့ပါတယ်။

ဒီနေရာမှာ တစ်ခု ကျွန်တော် စဉ်းစားမိတာက မျှော်လင့်ချက်ဟာ ဘဝတွေကို သေဆုံးသွားစေနိုင် သလား ဆိုတာပါပဲ။

*

## [၃]

ကျွန်တော့်ရဲ့ သိုးကလေးမှာ သူများ နဲ့ မတူဘဲ ဆည်းလည်း သံလို ချိုမြနူးညံ့တဲ့ အသံတစ်မျိုးရှိတယ်။ (အဲဒီအသံဟာ သိပ်မပီသဘူး) တန်ရာ၊ တန်ဖိုး သိပ်မရှိလှတဲ့ ပလတ်စတစ် အရုပ်နားကပ်တွေ အများကြီးရှိတယ်။ ညစ်ကျယ်ကျယ်နဲ့ ခေါင်းမာအရွဲ့တိုက်မှုတွေရှိတယ်။ အစ၊ အဆုံး မရတဲ့ သီချင်း၊ ကဗျာ အပိုင်းအစလေးတွေရှိတယ်။ လက်ဖက်ရည်ကို နာရီဝက် နှစ်ခွက်နှုန်းလောက်နဲ့ အေးအေးဆေးဆေး သောက်ပြနိုင်စွမ်းရှိတယ်။ ရှိသမျှ ပိုက်ဆံနဲ့ လက်လှမ်းမီရာစာအုပ်တွေ အများကြီးဝယ်ယူစုဆောင်းဖို့ ဝါသနာကြီးလေ့ရှိတယ်။ လမ်းသွားရင် ဟိုကန်၊ ဒီကန်၊ ဟိုကြည့်၊ ဒီကြည့်၊ ပြေးလိုက်၊ လွှားလိုက်နဲ့ တကယ့်ကလေးငယ်တစ်ယောက်လို ဆော့ကစားနေတတ်တယ်။ အဲဒီအခါမျိုးဆို ပထမတော့ ကျွန်တော်က ရှက်နေခဲ့သေးတာ...။ နောက်တော့ ကျွန်တော်ပါ ပျော် လာပြီး သူနဲ့အတူ လိုက်ဆော့နေမိတယ်။

ပြန်တွေးကြည့်ရင် ရယ်စရာလည်းကောင်းတယ်။ ရှက်စရာလည်းကောင်းတယ်။ ပြီးတော့... ရင်ခုန်စရာလည်း ကောင်းလေရဲ့ ။

အဲဒီသိုးကလေးဟာ အမြဲလိုလို ကျွန်တော့်အပေါ် အနိုင်ကျင့်ဗိုလ်ကျလေ့ရှိပြီး၊ တစ်ခါတစ်ခါမှာ တော့ ကျွန်တော့်ကို အစ်မကြီးတစ်ယောက်

လို ကရုဏာအပြည့်နဲ့ ခွင့်လွှတ် အလို လိုက်လေ့ရှိပါတယ်။

အခုလို ကျွန်တော်တို့ နှစ်ယောက် ဝေးကွာသွားခဲ့ချိန်မှာ သိုးကလေး အကြောင်း စဉ်းစားမိရင် "သူ့ အတွက် ငါ ဘာလုပ်ပေးရင်ကောင်းမလဲ" ဆိုတဲ့ မေးခွန်းက ပေါ်လာတယ်။ ဒါကြောင့် ဒီဝတ္ထုကို ကျွန်တော့် ဘက်က လေးလေးနက်နက်ထားပြီး ရေးခဲ့ပါတယ်။ သိုးကလေးကိုလည်း နင့်အကြောင်း ငါဝတ္ထုရေးမယ်လို့ ပြောထားခဲ့ဖူးတာကိုး...။ နောက်တစ်ခုက ဒီဝတ္ထုဟာ အဖြစ်အပျက်တွေထက် ကျွန်တော့်ခံစားမှုကို ရေးဖွဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ဝတ္ထု တစ်ပုဒ်လုံးကို First Person နေရာက ကြိုးစားရေးခဲ့ပါတယ်။

သိုးကလေးက ကျွန်တော် ဒီဝတ္ထုရေးမယ်ဆိုတော့ အဲဒါဆို ဒီလိုရေးပါလားဆိုပြီး သူ့ Idea အိုင်ဒီယာအချို့ကို ပြောပြပါတယ်။ ကျွန်တော်လည်း ဝမ်းသာသွားတယ်။ ဒါကြောင့် သူပြောပြတဲ့ ဇာတ်လမ်း ကျောရိုးအတိုင်းပဲ ရေးခဲ့ပါတယ်။ ဒီဝတ္ထုမှာ သိုးကလေးပါ ပါဝင်ရေးသားခဲ့တယ်လို့ ကျွန်တော် သတ်မှတ်ပါ တယ်။ စာဆက်ရေးလို့ မရတဲ့ အခါမျိုးတွေဆို သူ့အကြောင်း ပြန်တွေးကြည့်ရင်း၊ သူနဲ့ လျှောက်သွားခဲ့တဲ့ နေရာလေးတွေကို ပြန်သွားကြည့်ရင်း၊ သူ ပေးထားတဲ့ အမှတ်တရ ပစ္စည်းတွေကို ထုတ်ကြည့်ရင်း... ဝတ္ထုကို ဆက်ရေးနိုင်ဖို့ ကျွန်တော် ကြိုးစားခဲ့ပါတယ်။

ဖတ်ရတဲ့ ပရိသတ်တွေအနေနဲ့ ဒီဝတ္ထုဟာ ညံ့တယ်။ ဖတ်ရတာအဆင်မပြေဘူးဆိုရင် ကျွန်တော့် တစ်ယောက်တည်းမှာ ပဲ တာဝန်ရှိပြီး။ ဒီဝတ္ထုဟာကောင်းတယ်၊ ဖတ်ရတာအဆင်ပြေတယ် ဆိုရင်တော့ သိုးကလေးကိုပါ ထည့်သွင်းချီးကျူးဖို့ လိုအပ်ပါတယ်။

*

[၄]

ဒီဝတ္ထုအတွက် အချက်အလက်တစ်ခုအနေနဲ့ ပြောရရင် ကျွန်တော်ဟာ ဘာမှ ထူးထူးခြားခြား စွမ်းရည်မရှိတဲ့ သာမန်လူတစ်ယောက်ပါ။ ကျောင်းပညာမှာ လည်း မထူးချွန်လှဘူး။ စီးပွားရေးအမြင်ကလည်း မထက်မြက်ဘူး။ လူမှုဗေဒမှာ လည်း မကျွမ်းကျင်ဘူး။ တချို့ကိစ္စတွေမှာဆိုရင် သာမန်ထက်တောင် အဆင့်နိမ့် တာမျိုးရှိတယ်။

တစ်ခါတုန်းက သိုးကလေးဟာ ကျွန်တော့်ရဲ့ အားနည်းချက်တော်တော်များများကို ရဲရဲဝံ့ဝံ့ ထောက်ပြပြောဆိုခဲ့ဖူးတယ်။ သူဟာ အားလုံးကို ရယ်မောပေ့ါပါးပစ်လေ့ရှိတဲ့ ကျွန်တော့်ထက်တော့ အများကြီး ပိုလေးနက်သူတစ်ယောက်ပဲ ဖြစ်ပါတယ်။ တစ်ခါတလေတော့ ကျွန်တော်လည်း လူ့ဘဝကို လေးနက်ကြည့် ချင်ပါရဲ့ ။

ကျွန်တော် စိတ်ကူးကြည့်လို့ ရသလောက်တော့ ပြာလွင့်တဲ့ မိုးသားအိအိလေးတွေ၊ နှင်းမြူ တွေကြားထဲက မသဲမကွဲ ကောင်မလေးတစ်ယောက်၊ လန်းဆန်းလတ်ဆတ်သော ရနံ့စိမ်းစိမ်းများ ၊ သစ်ရွက်ကြွေသံ ၊ လဲလျောင်းနေဆဲ သက်ငြိမ်လမ်းမ၊ နံရံတွေပေါ် ရုပ်တိုက်ပြေးလွှားနေတဲ့ လေညင်း၊ ပြီးတော့... ညင်သာနူးညံ့လွန်းတဲ့ အထိအတွေ့အချို့...။

ဒါပါပဲ။ ဒီလောက်လေးပဲ လိုအပ်ခဲ့ပါတယ်။

ဆန္ဒတစ်စုံတစ်ရာအောက်မှာ ဒါတွေဟာ ထူးချွန်မှု မဟုတ်ရင် ဘာလဲ။ တကယ်ပဲ ကျွန်တော် မသိခဲ့တာ သေချာပါတယ်။

*

[၅]

ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ ကံဆိုးမှုကတော့ တစ်ယောက်မျက်လုံးတွေကို တစ်ယောက် အဆုံးထိအောင် ဖတ်ရှုနားလည်နိုင်ခဲ့ကြတာပဲ။

ဒါကို ခင်ဗျားတို့ ကလည်း သိပ်အရေးမကြီးလှဘူးလို့ သဘောထားလိုက်ကြပေါ့။

အိုး

က

လေး

ရေ . . .

အမြဲတမ်းအတွက် ရည်ရွယ်လိုက်ပါတယ်။။

ဝေမှူးသွင်

*

အလင်းဆိုသည် မှာ
ဖွင့်ဆိုခြင်းအားလုံး၏ တောက်ပမှုတစ်မျိုးဖြစ်သည် ။
ကျွန်တော်၏ ကိုယ်ပိုင်ဖွင့်ဆိုချက်တစ်ရပ်တွင် တော့
သူမသည် အလင်းဖြစ်လေသည် ။

(၁)

ဆောင်း၏ သစ်ရွက်ကြွေများက ဝန်းကျင်အနှံ့ ပြန့်ကျဲနေဆဲ။ တိတ်ဆိတ်မှု နံရံများကြားတွင် ကျွန်တော် သဘာဝတရားကို ရပ်ငေးနေမိသည် ။ မြောက်ပြန်လေက တက္ကသိုလ်ပရိဝုဏ်အတွင်း ခန့်ညားစွာ တစ်ချက်တိုက်ခတ်၏။ လှပစွာသော နှင်းဒဏ္ဍာရီတစ်ပုဒ်သည် ကျွန်တော့်အနီးသို့ တိုးရွေ့ရောက်ရှိလာသလို ခံစားလိုက်ရသည် ။

ထိုအချိန်ကာလသည် ဒီဇင်ဘာရက်စွဲများ ၏ အစပိုင်းဖြစ်ပြီး တက္ကသိုလ် ဂုဏ်ထူးတန်းများ ပြန်ဖွင့်ချိန်လည်း ဖြစ်သည် ။ R.C အဆောက်အဦနှင့် ဂျပ်ဆင်၏ အနောက်ဘက်ရှိ စကြ်ာရှည်ကြီးကို ကျွန်တော်က ရန်ကုန်တက္ကသိုလ်၏ အရှည်လျားဆုံး စကြ်ာလမ်းဟု တစ်ယောက်တည်း သတ်မှတ်ထား၏။ ကျွန်တော်က ထိုစကြ်ာ၌ လမ်းလျှောက်ရင်း ဆောင်းလေအဝှေ့တွင် ကြွေကျဝဲလွင့်သွားသော သစ်ရွက်များကို ငေးကြည့်နေတတ်သည် ။

အိပ်မက်၏ အကြွင်းအကျန်များ နှင့် ဆောင်း၏ စိုစွတ်သော အေးစိ

မ့်မှုတို့ အကြားတွင် ကျွန်တော် အမှတ်မထင် တွေ့လိုက်ရသည် က ဖြူဖွေးဝင်းပနေသော သိုးကလေးတစ်ကောင် ဖြစ်ပါသည် ။

ရွှေရောင်လင်းလက်နေသည့် နေရောင်ခြည်က ဆွယ်တာအဖြူရောင် ဝတ်ထားသော သိုးကလေးပေါ်သို့ တစ်စိတ်တစ်ပိုင်း ဖြာကျနေ၏။ သူသည် ကချင်လွယ်အိတ်အနက်ရောင်ကို လွယ်၍ လက်ထဲတွင် စတီးထမင်းဘူး အပြားသေးသေးလေးကိုကိုင်ကာ စကြိုတည့်တည့် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် အနေအထားအတိုင်း လျှောက် လာလေသည် ။

အချိန်က နံနက် (၈)နာရီခွဲခန့်ရှိပြီ ဖြစ်သော်လည်း ဆောင်းတွင်း နံနက်ခင်းဖြစ်သည် မို့ ကျောင်းထဲတွင် လူရှင်းနေ၏။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့ နှစ်ယောက် နီးလာကြပြီ။ ကျွန်တော့်စိတ်ထဲတွင် ထိုကောင်မလေးကို သိုးကလေးတစ်ကောင်ကဲ့သို့ အသေအချာခံစားရလေသည် ။

"သိုးကလေး... "

ထိုနာမည်ကို ရင်ထဲမှာ တိတ်တဆိတ် ရေရွတ်လိုက်ပြီး ကျွန်တော် ကျေနပ်သွားသည် ။ သိုးကလေးသည် မှုန်ကုပ်နေသောသူ၏ မျက်နှာပေးကို အထူးပြုလုပ်ချက်တစ်မျိုးဖြင့် လှပအောင် နေ တတ်သူဖြစ်သည် ။ ခပ်လျော့လျော့ တပ်ဆင်ထားသော မျက်မှန်သေးသေးလေးနှင့် တမင်မညီအောင် ညှပ်ထားသော ဆံပင်များကြားမှ ဝက်ဝံရုပ်နှင့် ပလတ်စတစ်နားဆွဲလေးကိုလည်း ကျွန်တော် သတိပြုမိသွား သည် ။ သူ့ကို ကြည့်ရတာ ကျွန်တော့်မှာ ပေ့ါပါးကြည်လင်လာသည် ။

ကျွန်တော်နှင့် ခြေလှမ်းဆယ်လှမ်းခန့် အကွာသို့ ရောက်သောအခါ ရုတ်တရက် သူက ကျွန်တော့်ကို ပြုံးပြလိုက်၏။ ဘုရားရေ ငါနဲ့ လည်း မသိတဲ့ မိန်းမတစ်ယောက်က ငါ့ကိုပြုံးပြနေပါလား။ ဒါဘာသဘောပါလိမ့်။ ကျွန်တော် စဉ်းစား၍ မရ...။ သို့သော် ကျွန်တော် အယောင်ယောင်အ

မှားမှားနိုင်စွာ သူ့ကို ပြန်ပြုံးပြ လိုက်မိသည် ။

ဧကန္တတော့ ဒီကောင်မလေး ကျွန်တော့်ကို လူမှားပြီး ပြုံးပြတာဖြစ်နိုင်သည် ။ ကျွန်တော့်စိတ်ထဲတွင် ရယ်ချင်သွားပြီး ငါ့ကို လူမှားနှုတ်ဆက်လို့ ရှိရင် တစ်ပတ်ရိုက်လိုက်ဦးမှ ပဲဟု တွေးကာ ကျွန်တော့်တစ်ကိုယ်လုံး ပျော်သွားသလိုရှိသည် ။ တကယ်တမ်း ကျွန်တော့်အနီးသို့ သူရောက်လာသည့်အခါတွင် လည်း ထင်ထားသည့် အတိုင်းပင် ကျွန်တော့်ကို နှုတ်ဆက်လေသည် ။

"ဟဲ့... ဝေယံ၊ နင်က ဒီနေ့ကျောင်းကို စောစောစီးစီး ရောက်လို့ ပါလား၊ ဘာလဲ...ဟို တစ်လောက ပျက်နေတဲ့ နာရီနှိုးစက်က ပြန်ကောင်းသွားပြီပေါ့...။ ဟုတ်လား... "

ချက်ချင်းပင် ကျွန်တော့်မှတ်ဉာဏ်သည် အလုပ်များ စွာကို လုပ်ရ၏။ ငါ့နာမည်က ဝေယံ၊ ကျောင်းကို အစောကြီးရောက်၊ ပျက်နေတဲ့ နာရီနှိုးစက်...အဟား၊ ဟုတ်ပြီ။ ကျွန်တော် သူ့ကို ဘာပြန်ပြောရမည်ကို ကောင်းစွာ သဘောပေါက်သွားသည် ။

"ဟုတ်တယ်ဟ တစ်နေ့ကမှ ငါ့အဖေက နာရီနှိုးစက်အသစ် ဝယ်ပေးထားတာ၊ ဒါနဲ့ နင်အခု အတန်းသွားတက်မလို့ လား"

" မဟုတ်ဘူး ၊ ငါ ကင်န်တင်းမှာ လက်ဖက်ရည်သွားသောက်မလို့ "

"သြော်... "

ကျွန်တော် သူ့ကို ဘာဆက်ပြောရင်ကောင်းမလဲဟု စဉ်းစားနေစဉ်...

"ဝေယံ...၊ ငါ့ထမင်းဘူးနဲ့ လွယ်အိတ်ကို ခဏကိုင်ထားပေးစမ်းပါ။ ငါ လုံချည်ပြင်ဝတ်ချင် လို့ ...။ ဒါ ငါ့လုံချည် မဟုတ်ဘူး ဟ၊ ငါ့အစ်မ လုံချည်ကို ငါခိုးဝတ်လာတာပေါ့။ လှမယ်ထင်လို့ ဝတ်လာတာ၊ အခုတော့

ပြောင်ချောပြီး ခဏခဏ လျှောကျနေလို့ ပြင်ဝတ်နေရတာ မလွယ်ဘူး"

ကျွန်တော့်မှာ ဘာပြန်ပြောရမှန်းမသိဘဲ အောင့်သက်သက်နှင့် သူမ၏ လွယ်အိတ်နှင့် ထမင်းဘူးကို လှမ်းယူထားလိုက်ရသည် ။ သူက စကြံလမ်းပေါ်မှ ဆင်းပြီး အနီးတွင် ရှိသော တိုင်တစ်တိုင်နှင့်ကွယ်ကာ လုံချည်ကို ပြင်ဝတ်နေ၏။ ကျွန်တော်က မျက်နှာကိုလွှဲရင်း သက်ပြင်းတစ်ချက် ခိုးချရသည် ။ သူ လုံချည်ကို ပြန်ဝတ်နေချိန်သည် ခန့်မှန်းခြေအားဖြင့် နှစ်မိနစ်ခန့်ကြာသည် ။ အကျအန စိပ်ပြေနပြေ ဝတ်နေပုံရသည် ။ သူက လုံချည်ကို အကျအန ပြင်ဝတ်ပြီးသွားသောအခါတွင် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်တည့်တည့်တွင် လာရပ်၏။ ကျွန်တော်က စောစောတုန်းက သူပေးထားသော လွယ်အိတ်နှင့် ထမင်းဘူးကို ပြန်ပေးလိုက်သည် ။ ထိုအခါ သိုးကလေးက ကျွန်တော့်ကို ပြုံး၍ ကြည့်ရင်း ကျွန်တော် ပြန်ပေးလိုက်သော လွယ်အိတ်နှင့် ထမင်းဘူးကို လှမ်းယူ၏။ နောက်...သူ၏ နှုတ်ခမ်းများက ချက်ချင်းခပ်တည်တည် ပြန်ဖြစ်သွားပြီး သူ၏ မျက်ဝန်းများကို ကျီစယ်လုပ်ကြံမှု တစ်ခု၏ ရှေ့ပြေးအဖြစ် ပါးနပ်စွာ ကျွန်တော် သဘောပေါက်သွားမိသည် ။

"ဟင် အားနာလိုက်တာ၊ နင်က ဝေယံလည်း မဟုတ်ဘူး ၊ ငါ အခုမှ နင့်ကို သေသေချာချာ ကြည့်မိ တယ်။ ဒါပေမဲ့ နင်က ဝေယံနဲ့ တော်တော်ဆင်တယ်ဟ...။ ဆောရီးပဲနော်၊ လွယ်အိတ်နဲ့ ထမင်းဘူးကို ခဏကိုင်ပေးတာ ကျေးဇူးပဲ၊ သွားမယ်နော်... "

ကျွန်တော့်ကို အထက်ပါအတိုင်းပြောပြီး ဖလော်ဆိုဖီစာသင်ခန်းများရှိရာသို့ စကြံအတိုင်း လျှောက် သွားတော့သည် ။

ကျွန်တော့်မျက်နှာတစ်ခုလုံး ထူပူနေပြီး သိုးကလေးကိုပဲ ဒေါသထွက်ရမလား၊ ကိုယ့်ကိုယ်ကိုယ်ပဲ ဒေါသထွက်ရမလားဆိုတာ ကျွန်တော်

ဝေခွဲမရဘဲ ရှိသည် ။ ကျွန်တော့်မှာ သိုးကလေးနောက်ကို အတင်း ပြေးလိုက်သွားပြီး ကျွန်တော် ဝေယံပါဟု ဖွင့်ပြော၍ လည်း မဖြစ်။ သူက ကျွန်တော့်ကို ဝေယံမဟုတ်ကြောင်း (သူ၏ မျက်လုံးများ အရ) သေသေချာချာ သိနေခဲ့ပြီ မဟုတ်ပါလား။ ဒါဆို ဒီအတိုင်းနေလိုက်ပြန်တော့လည်း စောစောက ဝေယံလိုလို ဘာလိုလိုနှင့် သူ့ကို အလိုက်အထိုက် ပြန်ပြောခဲ့သော ကျွန်တော့်စကားများက ဟာသတွေ ဖြစ်လိမ့်ဦးမည်။

ဟူး.... မလွယ်ပါလား။

လူလည်အလုပ်ခံလိုက်ရသဖြင့် ကျွန်တော် မကျေမနပ်နှင့် သူ့ကို ဆဲရေးပစ်လိုက်သည် ။

'သိုးအစုတ်ပလုတ်ကလေး'

ဒါ လူမှားတာ ဘယ်နည်းနဲ့ မှ မဖြစ်နိုင်...။ သိုးကလေးက ကျွန်တော့်ကို တွေ့တွေ့ချင်း ဒါဆိုဘာဖြစ် လို့ ရယ်ပြရတာလဲ။ ရှင်းနေပြီ။ ကျွန်တော့်ကို သူ လုံ့ချည်ပြင်ဝတ်သောအခါ သူ၏ ပစ္စည်းများကို ခဏကိုင်ထား စေလို၍ ဖြစ်မည်။

ငါ့ကိုများ သူလုံ့ချည်ပြန်ပြင်ဝတ်ဖို့ ထမင်းဘူးတွေ၊ လွယ်အိတ်တွေ ကိုင်ခိုင်းရတယ်လို့ ...။ ကျွန်တော်တွေးရင်း ဒေါသထွက်လာသည် ။ ဒေါသထွက်နေသည့်ကြားမှ ပင် ကျွန်တော့်ရင်တွေ ခုန်နေပြန်သည် ။ ယောကျ်ားလေးတစ်ယောက်ကို တွေ့တွေ့ချင်း လှည့်စားအရူးလုပ်နိုင်သော သူ၏ စွမ်းရည်ကိုလည်း ချီးကျူး မိသည် ။

ဆောင်းလေက ရွက်ကြွေများကို သယ်ဆောင်သွားပြီး မှုန်ရီစွာ ခပ်ဖျော့ဖျော့ တိုက်ခတ်နေသည် ။ စကားလုံးအားဖြင့် ဖော်ပြ၍ မရသော ခံစားမှုတစ်မျိုးက ကျွန်တော့်ရင်ခွင်ကို ဖြားယောင်းနေကြ၏။ ကျွန်တော်က စကြံအတိုင်း (သိုးကလေးနှင့် ဆန့်ကျင်စွာ) ဆက်လျှောက်သွား၏။

ဂျပ်ဆင် နောက်ဘက်သို့ အရောက်တွင် ညာဘက်သို့ ကွေ့လိုက်မိသည် ။ ဘာရယ်လို့ မဟုတ်၊ ဘယ်ကိုသွားမယ်ဆိုတဲ့ စိတ်ကူးလည်း မရှိ…။ ခြေဦးတည့်သလို လျှောက်သွားနေခြင်းသာ ဖြစ်သည် ။

ကျွန်တော့်အတွေး စိတ်ကူးများအားလုံးသည် သိုးကလေး၏ လှုပ်ရှားမှုများ သာ ဖြစ်နေသည် ။ ဝေဝေဝါးဝါးသာ ဖြစ်နေသော်လည်း သိုးကလေးပဲ ဖြစ်မှာ ပါဟု ကျွန်တော်က အခိုင်အလုံ ယုံကြည်ထား၏။ ကျွန်တော့်ရင်ထဲတွင် တလှပ်လှပ်ဖြစ်လာ၍ ယောင်ယမ်းပြီးမျက်လုံးတွေကို မှ ိတ်ပစ်လိုက်သည် ။ သို့တိုင်အောင် သိုးကလေးက ပျောက်မသွား။ ကျွန်တော်က မောနေသည် ။ တကယ်ဆို သိုးကလေးသည် ကျွန်တော့် အနာဂတ် တစ်ခုလုံးကို လွှမ်းမိုးထိန်းချုပ်နိုင်စွမ်း ရှိသူဖြစ်ကြောင်း အဲဒီကတည်းက ကျွန်တော် သဘောပေါက်ခဲ့ဖို့ ကောင်းသည် ။ ခဏမျှကြာသော် ကျွန်တော် သူ၏ အကြောင်းများကို သိချင်လာပြန်သည် ။

ဂျပ်ဆင်ထိပ်သို့ အရောက်တွင် စိမ်းစိုသော ဝါးရုံပင်တစ်အုပ်ကို တွေ့ရပြီ။ ဝါးရုံပင်၏ အပေါ်ဘက် အဖျားပိုင်းသည် နေရောင်ခြည်နှင့် ထိတွေ့လျက်ရှိရာ ရွှေရောင်လက်ပနေလေသည် ။ ဆောင်း၏ နံနက်ခင်းတွင် ဝါးရုံပင်တစ်အုပ်အား နေရောင်ခြည်နှင့် ဆက်စပ်တွေ့မြင်ရသည် ကို အရသာတစ်မျိုးဟု ကျွန်တော်က ခံယူထားသည် ။ ဒါကြောင့်ပင် ဆောင်းရာသီ ရောက်စကတည်းက ကျွန်တော် နံနက်စောစောဒီဝါးရုံပင်လေးကို လာကြည့်တတ်သည် ။

"သိပ်လှတာပဲ"

စိတ်ထဲတွင် တိတ်တိတ်ကလေး ရေရွတ်လိုက်မိသည် ။ လေအဝှေ့တွင် ဝါးရုံပင်အဖျားရှိ ဝါးရွက်များ လှုပ်ရမ်းသွားကြ၏။ ကျွန်တော်က

သိုးကလေးကို လွမ်းနေပေသည် ။

ဒီအချိန်မျိုးတွင် သိုးကလေးအကြောင်း တွေးရတာ ဘဝအဓိပ္ပာယ် တချို့ကို ရှာဖွေရသည် နှင့်တူသည် ။ သူ၏ အကြောင်းမှန်သမျှ ဘာတစ်ခုမှ မသိဘဲနှင့် သူ့အကြောင်း ဖြစ်နိုင်ခြေများကို လျှောက်စဉ်းစားနေမိသည် ။ တကယ်ဆို ကျွန်တော် သူနှင့်ပတ်သက်၍ လုပ်နိုင်သည် များက ဒီထက်မက ရှိပါသည် ။

သိုးကလေးနှင့် ကျွန်တော် လမ်းခွဲကြတာ အလွန်ဆုံးရှိမှ တစ်နာရီ သာသာလောက်ပဲ ရှိဦးမည်။ သူ့ကို ဝိဇ္ဇာကင်န်တင်းနှင့် အနီးတစ်ဝိုက် တွင် လိုက်ရှာပါက တွေ့နိုင်သေးသည် ။ ဒါမှ မဟုတ် စာသင်ခန်းများ ၊ တက္ကသိုလ်စာကြည့်တိုက် စသဖြင့် ကျွန်တော် လျှောက်ရှာကြည့်နိုင်သေးသည် ။ သို့သော် ကျွန်တော် သူ့ကို လိုက်မရှာဖြစ်။ သူ၏ အကြောင်းများကိုသာ ထိုင်တွေးနေမိ၏။

နွေးထွေးနူးညံ့သော အိပ်မက်တစ်ခုအကြောင်းကို လှပစွာ ခံစားရသည် ။ အိပ်မက်ဆိုသည် မှာ လျှောက်ရှာဖွေခြင်း မလုပ်ဘဲ ငြိမ်ငြိမ်ကလေး ထိုင်တွေးနေခြင်းဖြင့်လည်း မက်ခွင့်ရှိလေသည် ။

*

တစ်လျှောက်လုံး ရှုးခဲ့တဲ့ ကောင်
တစ်ချက်တည်းနဲ့ ထပ်မံရှုးနိမ့်၊
ရိုးသားမှုအခန်းထဲမှာ
အဖော်မဲ့စွာမူးလဲ၊
ဝေဒနာအတိုအစတွေကလည်း
ရင်ခွင်အနံ့မှာ ဝုန်းဒိုင်းကြဲလို့၊
အချစ်ရေ-
သီချင်းအသေတစ်ပုဒ်အတွက်
ကိုယ် ယဉ်ကျေးခဲ့ပါတယ်။

(၂)

ထိုနေ့သည် ခါတိုင်းလိုပင် အတန်းတက်ရန်မရှိဘဲ ကျောင်းသို့ အစောကြီးရောက်နေသော ရက်စွဲများ ထဲမှ ထူးခြားမှုမရှိသည့် သာမန် နေ့တစ်နေ့သာ ဖြစ်သည် ။

သို့သော် ကျွန်တော်က သာမန်မဟုတ်သည့် သိုးကလေးတစ်ကောင်ကို အမှတ်ရစွာ ရောက်သည့် နေရာဝန်းကျင်တွင် ရှာဖွေကြည့်မိ၏။ တွေ့တော့မတွေ့...။

ရတ်တရက် ကျွန်တော်နှင့် သိုးကလေး တွေ့ဆုံခဲ့ကြသော

စကြော်ရှည်ကြီးအနီးတွင် သွားရှာကြည့်ရန် အကြံရလိုက်သည် ။ နောက်... . ကျွန်တော် ဝမ်းမြောက်စွာဖြင့် စကြော်ရှည်ကြီးရှိရာသို့ ဦးတည်သွားမိ၏။ ကျွန်တော့်ခြေလှမ်းတွေက သွက်လက် မြန်ဆန်နေလွန်းသည် ။ သိုးက လေးကို တွေ့ကောင်းတွေ့နိုင်သည် ဆိုသော မျှော်လင့်ချက်ကလေးကပ င် ကျွန်တော့်ခြေလှမ်းတွေကို ဒီလောက်မြန်ဆန်နေစေလျှင် တစ်ဘဝ လုံးစာ တွေ့ဖို့ အတွက်ဆို ဒီထက်အဆပေါင်းများ စွာ ပိုမြန်နေလိမ့်မည်။ တဖြည်းဖြည်းနှင့် စကြော်ရှည်ကြီးသည် နီး လာပြီ။ ကျွန်တော်က ဘာအကြောင်းပြချက်မှ မရှိဘဲ ရင်တွေအမြန်ခုန်နေ၏။ တိတ်ဆိတ်နေ သော ဝန်းကျင်၌ ကျွန်တော့် ရင်ခုန်သံတို့ က ကျယ်လောင်စွာ မြည်ဟိန်း လျက်ရှိသည် ။

ဟော ရောက်ပြီ...။ နံရံအကွယ်တစ်ခုကို ချိုးကွေ့လိုက်ပြီးသောအခါ လှပရှည်လျားသည့် စကြော် ကြီးကို ခန့်ညားစွာ တွေ့လိုက်ရသည် ။ ချက်ချ င်းပင် သိုးကလေးများ ရှိမည်လောဆိုသည့် အတွေးတို့ ဖြင့် ရှာကြည့်မိ သေး၏။ စကြော်လမ်းနှင့် မြေကြီးပေါ်တွင် တစ်ဝက်စီ ခန္ဓာကိုယ်ကိုတင် လျက် အလျားလိုက် မှောက်အိပ်နေသော ခွေးတစ်ကောင်က ကျွန်တော့် ကို ခေါင်းထောင်ကြည့်သည် ။ အဝတ်အစားများကို ဖရိုဖရဲ ဝတ်ထားပြီး လက်ထဲတွင် လည်း မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ကိုင်ထားသော ကဗျာဆ ရာ ကိုသစ်ကလည်း ကျွန်တော်ရှိရာသို့ တည့်တည့်မတ်မတ် လျှောက် လာနေ၏။ ထိုအနီးဝန်းကျင်တွင် သက်ရှိဆို၍ ကဗျာဆရာ ကိုသစ်နှင့် အပျင်းကြီးစွာ အိပ်နေသော ခွေးတစ်ကောင်သာ ရှိသည် ။ ကျွန်တော် စိ တ်ပျက်သွားသည် ။

ငါ့သိုးကလေးက ဘယ်များ ရောက်နေပါလိမ့်။

ကဗျာဆရာ ကိုသစ်က ကျွန်တော့်ကို အဝေးကြီးကတည်းက မြင်နေ

ဟန်တူသည် ။ အဝေးမှ ပင် လှမ်းပြုံးပြနေ၏။ ကျွန်တော်ကလည်း မကောင်းတတ်၍ ပြန်ပြုံးပြလိုက်ရသည် ။ အင်း... ဒီကဗျာဆရာတော့ ငါ့ဆီက ပိုက်ဆံချေးတော့မှာ ပဲ...။ ခက်ပြီ။ ကျွန်တော့်အိတ်ကပ်ထဲတွင် ပိုက်ဆံတစ်ရာခန့်သာရှိရာ သူ့ကို ချေးလိုက်ပါက နေ့လယ်စာအတွက် ကျွန်တော် အခက်တွေ့နိုင်သည် ။

ဒီလူ ငါ့ဆီက ပိုက်ဆံမချေးအောင် တစ်ခုခုတော့ ကြိုတင်ကာကွယ်ထားရမယ်ဟု တွေးမိပြီး စိတ်ထဲတွင် သက်သာရာရသွား၏။ ကိုသစ်က ကျွန်တော့်အနီးသို့ ရောက်လာ၏။ ကိုသစ်လက်ထဲတွင် ရန့်သစ်မဂ္ဂဇင်း အသစ်တစ်အုပ်ကို ကိုင်ထားသည် ။

"ဟော့ကောင်... ညီထက်၊ မင်း ဒီမဂ္ဂဇင်း ဖတ်ပြီးပြီလား"

ကိုသစ်၏ အသံတွေက အားမာန်အပြည့်ဖြင့် ဖြစ်သည် ။ ကျွန်တော်က ထိုအခြေအနေကို ဆက်စပ်တွေးခေါ်ရသည် ။ ဟုတ်ပြီ အဲဒီလူ လက်ထဲက ရန့်သစ်မဂ္ဂဇင်းတွင် သူ့ကဗျာ ပါလာနိုင်သည် ။ တစ်လောက သူ့ကဗျာတွေ ရန့်သစ်မဂ္ဂဇင်းသို့ ပို့ထားကြောင်း သူပြောပြဖူးသည် ။ အဲဒီကဗျာပေါ်မှာ နင်းပြောရင်း ကိုသစ်ပိုက်ဆံချေးမည့်ဘေးမှ လွတ်အောင်ရှောင်ရမည်။

"ဖတ်ပြီးပြီပေါ့ ကိုသစ်ရာ၊ ခင်ဗျားကဗျာက သိပ်ကောင်းတာပဲ။ အဲဒီလက်မျိုးက ရွှေချထားဖို့ တောင် ကောင်းတယ်။ ဟဲ... ဟဲ... ဟဲ...။

ကျွန်တော့်စကားကြောင့် ကိုသစ်က ခေါင်းကို ယမ်းရင်းပြုံးနေ၏။ ဘာမှ မပြောသဖြင့် ကျွန်တော်က စိတ်မလုံစွာ...

"ခင်ဗျားက ပြုံးပြီး ဘာဖြစ်နေတာလဲဗျ။ စကားလေးဘာလေး ပြောဦးမှ ပေါ့"

"သြော်... ဒါလား၊ ငါ စဉ်းစားနေတာပါကွ"

"လုပ်စမ်းပါဦး၊ ခင်ဗျားက ဘာတွေများ စဉ်းစားနေတာလဲ"

"မင်းဆီကို သိပ်ကောင်းမွန်ပြင်းထန်တဲ့ အနုပညာအမြင်တွေ ဘယ်လိုများ စီးမျောလာသလဲဆိုတာကို ငါ စဉ်းစားနေတာပါ"

သေစမ်း...၊ ကိုသစ်စကားကြောင့် ကျွန်တော်စိမ့်နေအောင်ခံလိုက်ရသည် ။ သို့သော် ကိုယ့်စကားနဲ့ ကိုယ်မို့ မတတ်နိုင်တော့။ ဒီကြားထဲ ကိုသစ်က သူ့အိတ်ထဲမှ ဂျိုးသိန်းဆေးပေ့ါလိပ်ကို ထုတ်ပြီး ဟန်ပါပါ ဖွာရှိုက်နေသေးသည် ။

အလကား၊ မျက်နှာရှုးကောင် ပိုက်ဆံမချေးချင်လို့ တမင်မြှောက်ပြောနေတာကို တကယ်ထင်နေတဲ့ ငပေါ။ ကျွန်တော် စိတ်ထဲမှ ကိုသစ်ကို ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲနေလိုက်၏။ သို့သော် မျက်နှာကိုတော့ ကျွန်တော် ပြုံးထားရသည် ။

"ညီထက်...၊ မင်း အခု ဘယ်သွားမလို့ လဲ"

"ကင်န်တင်းကိုပါ...၊ လက်ဖက်ရည် သွားသောက်မလို့ "

ကျွန်တော် ကြုံသလို လျှောက်ပြောလိုက်ခါမှ အခြေအနေက ပိုဆိုးသွားသည် ။

"ငါလည်း လိုက်မယ်။ အတော်ပဲကွ၊ ငါ ဗိုက်ဆာနေတာနဲ့ "

ဒုက္ခပါပဲ။ မတတ်နိုင်တော့။ ကျွန်တော့်ငွေရေးကြေးရေးအခြေအနေမှန်ကို ဖွင့်ပြောမှ ဖြစ်တော့မည်။

"ကျွန်တော့်မှာ ပိုက်ဆံ သိပ် မပါဘူးဗျ"

"ဟာ... ဒီကောင်...၊ မင်း ဘာမှ မပူနဲ့ ညီထက်၊ မင်းဘေးနားမှာ

တိုင်းကျော်ပြည်ကျော် ကဗျာဆရာတစ်ယောက်လုံးရှိတယ်"

"ဟာ...ဟုတ်သားပဲ၊ ကိုသစ်ကြီး စာမူခ ထုတ်လာရောပေ့ါ"

ကိုသစ်က ကျွန်တော့်ကို စကားဖြင့်ပြန်မဖြေဘဲ ခေါင်းညိတ်ပြသည်။ ထိုအပြုအမူကြောင့် ကျွန်တော့်စိတ်ထဲတွင် ပေ့ါပါးသွားပြီး ကြည်ကြည်လင်လင် ရှိလာ၏။ ဒါပေမဲ့ ထိုပေ့ါပါးမှုကြည်လင်မှုသည် အပြည့်အဝတော့မဟုတ်။ တစ်ဝက်တစ်ပျက်သာ ဖြစ်သည်။

ကျွန်တော် တွေ့ချင်နေသော သိုးကလေးကို ရှာကြည့်ချင်သေးသည်။ ပြီးတော့ ရင်ထဲတွင် နွေးထွေး တောက်ပနေသော ခံစားမှုကို တစ်ယောက်ယောက်က မြင်သွားမှာ ကို ကြောက်ရွံ့နေပြန်သည်။ အို... ဘာကြောက်စရာရှိလို့ လဲ။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အားတင်းရ၏။

ကိုသစ်ကတော့ ကျွန်တော့်အဖြစ်တို့ ကို သိပုံမရ...။ ရိပ်မိပုံလည်း မပေါ်။ ခပ်တည်တည် မျက်နှာပေး နှင့် ကင်န်တင်းဘက်သို့ သွားရန်သာ ဟန်ပြင်နေသည်။

နောက်တော့ ကျွန်တော်တို့ နှစ်ယောက်သား ဖလော်ဆိုဖီစာသင်ခန်းများကြားမှ စင်္ကြံအတိုင်း ကင်န်တင်းသို့ စကားပြောရင်း လျှောက်လာကြသည်။

"ညီထက်...၊ မင်း ငါ့ညီဝမ်းကွဲ ပိုင်လင်းကို သိတယ်မဟုတ်လား။ အီကိုကကောင်လေ။ မင်းတို့ တစ်ခါဆုံဖူးပါတယ်"

ကျွန်တော် ကိုသစ်ကို စိတ်ညစ်လာ၏။ သိုးကလေးကို ရှာမတွေ့လို့ စိတ်ညစ်နေတဲ့ ကြားထဲ သူ့ညီဝမ်းကွဲအကြောင်း လာပြောနေပြန်သည်။

"ဟေ့ကောင် ညီထက်၊ မေးနေတယ်လေကွာ မှတ်မိလားလို့ "

"ဟာဗျာ... ဒုက္ခပါပဲ။ စိတ်ညစ်နေရတဲ့ ကြားမှာ ခင်ဗျားညီကို မမှတ်

မိဘူးဗျာ"

ကျွန်တော် ကိုသစ်ကို ခပ်ညစ်ညစ် ပြန်ပြောလိုက်သည် ။ ဒါတောင် ကိုသစ်က မလျှော့သေး။

"သေချာစဉ်းစားစမ်းပါဦးကွာ၊ မင်းကလည်း ဟိုတစ်ခါဦးချစ်ဆိုင် ငါတို့ ထိုင်နေတုန်း ရောက်လာတဲ့ ကောင်လေကွာ။ အသားညိုညိုနဲ့ ၊ အဲဒီနေ့ကတောင် ငါတို့ တစ်ဝိုင်းလုံးကို ရှင်းပေးသွားသေးတယ် မမှတ်မိဘူးလား"

ကိုသစ်စကားကြောင့် ကျွန်တော် သေချာပြန်စဉ်းစားကြည့်တော့ မှတ်မိလာသည် ။ အထူးသဖြင့် ဦးချစ်ဆိုင်တွင် ကျွန်တော်တို့ ဝိုင်းကို ရှင်းပေးသွားသည့်ကောင်ဆို၍ တိတိကျကျပင် မှတ်မိသွား၏။

"အင်း... ကျွန်တော် မှတ်မိပြီ"

"အဲဒီကောင်ပေ့ါကွ၊ သူ့ကောင်မလေးနဲ့ ပြတ်သွားပြီတဲ့ ၊ အခု အသည်းကွဲပြီး ဒီနေ့ ငါတို့ ဆီလာမယ်လို့ ပြောနေတယ်"

"ဟင်... ခင်ဗျားဟာကလည်း ဘာမှ မဆိုင်ဘူး။ သူ့ဟာသူအသည်းကွဲတာနဲ့ ကျွန်တော်တို့ ဆီ လာတာနဲ့ ဘာဆိုင်လို့ လဲ"

"ဩော်... ဒါက ဒီလိုလေ ညီထက်ရ...၊ ပိုင်လင်းက သူ့ဇာတ်လမ်းကို ငါတို့ ကို ပြောပြမယ်။ ငါတို့ က ဝိုင်းဝန်းခံစားပေးမယ်ပေ့ါကွာ။ ပြီးရင် သူ့ကို ငါတို့ ရဲ့ အကြံဉာဏ်တွေ၊ ထင်မြင်ချက်တွေပေးမယ်၊ ပြီးတော့... "

ကိုသစ်က သူ့စကားကို ဆက်မပြောဘဲ ရပ်လိုက်သည် ။ ကျွန်တော်က

"ခင်ဗျား စကားကို ဆက်ပြောလေဗျာ"

"ပြီးတော့ သူကျွေးတာ၊ မွေးတာကို စားကြ၊ သောက်ကြတာပေါ့၊ ဟဲ.
..၊ ဟဲ....၊ ဟဲ.... "

မျက်နှာကို ရှုံ့မဲ့ရင်း ခေါင်းကိုရမ်းလိုက်သည် ။ မဟုတ်သေးပါဘူး။ သူများ စိတ်ညစ်ပြီး ဒုက္ခရောက်နေ တဲ့ ကြားထဲ ဒီလူက နှိပ်စက်ဦးမယ်။ ကိုသစ်ကို ကြည့်ရတာတော့ ဒီစကားကို အလေးအနက် မရှိဘဲ ကြုံလို့ လျှောက်ပြောနေပုံပေါက်သည် ။

"ဟေ့ကောင် ညီထက် မင်းက ဘာတွေ ခေါင်းယမ်းနေတာလဲ။ မင်း ဘာတွေ စဉ်းစားနေတယ်ဆိုတာ ငါသိပါတယ်။ ငါက တမင်ပြောတာပါကွ။ ငါ့ညီကို ငါက မဟုတ်တာတွေ လုပ်ပါ့မလား။ ငါက ပိုင်လင်းကို မင်းနဲ့ သေချာ မိတ်ဆက်ပေးမလို့ ။ ဟိုတစ်ခါတုန်းကလည်း လူတွေများ နေလို့ ငါ မင်းနဲ့ သေချာ မိတ်ဆက် မပေးလိုက်ရဘူး"

"နေစမ်းပါဦး ကိုသစ်ရာ၊ ခင်ဗျားက ကျွန်တော့်ကို ပိုင်လင်းနဲ့ မိတ်ဆက်ပေးပြီးတော့ ဘာလုပ်မလို့ လဲ။ ခင်ဗျားတို့ အမျိုးတွေထဲမှာ ရောင်း မစွံတဲ့ အပျိုကြီးတွေနဲ့ ကျွန်တော့်ကို နေရာချပေးမလို့ လား။ မရတော့ ဘူး နော်။ ကျွန်တော့်မှာ စီနီယာရှိနေပြီ။ ဒါပေမဲ့ စိတ်ဓာတ်လည်း သိပ်မ ကျနဲ့ ပေါ့ဗျာ။ အဲဒီတစ်ယောက်နဲ့ ပြီးသွားရင် ခင်ဗျားတို့ အစ်မတွေ ညီမ တွေကို စဉ်းစားပေးတာပေါ့။ ရပ်ကွက်ထဲမှာ သမက ဆန်ပေးသလိုပဲ တ န်းစီထားကြပေါ့ဗျာ ဟဲဟဲ"

"ဒီကောင်... စကားကို အကောင်းမပြောဘူး။ အဲဒီစကား ပိုင်လင်းကြားရင် မင်းကိုသတ်လိမ့်မယ်။ အဲဒီကောင်က အမျိုးသိပ်ချစ် တာကွ၊ အမျိုးထဲမှာ ညီမတွေ၊ အစ်မတွေကို တခြားကောင်တစ်ယောက် ယောက်နဲ့ သတင်းကြားပြီဆိုရုံနဲ့ ဒီကောင်က ပြဿနာလိုက်ရှာပြီပဲ။ အဲ ဒါ အရင်းမှ မဟုတ်ဘူး နော်။ တစ်ဝမ်းကွဲပဲဖြစ်ဖြစ်။ နှစ်ဝမ်းကွဲပဲဖြစ်ဖြ

စ်၊ အဝေးကြီးလည်း မရဘူး။ အဲဒီလိုကောင်မျိုး။ ကောင်မလေးတွေခများ လည်း အစ်ကိုအရင်း တွေ၊ အဖေတွေကို မကြောက်ရဘူး၊ သူ့ကိုပဲ လန့် နေရတာ"

ကိုသစ်စကားကြောင့် ကျွန်တော် ပြုံးလိုက်မိ၏။ ဘာကြောင့်မှန်းမ သိဘဲ ပိုင်လင်းကို သဘောကျနေ လေသည် ။

ထိုစဉ်မှာ ပဲ ကျွန်တော်တို့ နှစ်ယောက် လမ်းလျှောက်စကားပြောရင်း ကင်န်တင်းသို့ ရောက်လာ၏။ ကင်န်တင်းရောက်တော့ လက်ဖက်ရည်ဆိုင်မှာ ပဲ ထိုင်ဖြစ်သည် ။

ဆိုင်နာမည်က မြကျွန်းသာ...။

ဆိုင်၌ လူသိပ်မရှိသော်လည်း စားပွဲထိုးကောင်လေးတွေက ချက်ချင်းရောက်မလာသေး။ ကျွန်တော်တို့ နှစ်ယောက်က လွတ်နေသ ည့် စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ရင်း စောစောက မပြီးသေးသောစ ကားကို ဆက်ပြောသည် ။

"လုပ်စမ်းပါဦး၊ ပိုင်လင်းနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးပြီးတော့ ကျွ န်တော်က ဘာလုပ်ပေးရမှာ လဲ"

"ဩော် ပိုင်လင်းနဲ့ ငါနဲ့ က ညီအစ်ကိုဆိုပေမယ့် အသက်က နည်းန ည်းကွာတယ်ကွ။ ဒီတော့ကွာ သူက ငါ့ကိုရှိန်ပြီး ရင်းနှီးသင့်သလောက် မရင်းနှီးဘူး။ သူ့အမေက ငါ့အဒေါ်ပေါ့။ အဲဒါတစ်နေ့က ငါ့ကို ပိုင်လင်း အကြောင်းတွေ လာမေးနေတယ်။ ငါကလည်း ဒီကောင်ကို အကဲခတ်လို့ မရဘူး။ ဒီကောင်ကလည်း လျှို့ဝှက်တယ်ကွ။ ပြီးတော့ သူ့အမေကလ ည်း ပိုင်လင်းအကြောင်းကို သေချာသိရအောင် ငါ့ကို စုံစမ်းပေးပါတဲ့ ။ ပို င်လင်းက သူ့အိမ်မှာ တမှိုင်မှိုင် တတွေတွေ ဖြစ်နေပုံရတယ်။ ငါက တော့ ရည်းစားပူမိနေတယ် ထင်တာပဲ။ အဲဒါ ပိုပြီးသေချာအောင် မင်းစုံ

စမ်းပေးစမ်းပါ။ မင်းနဲ့ ဆိုရင် အသက်လည်း သိပ်မကွာတော့ သူငယ်ချင်းလိုရော၊ အစ်ကိုတစ်ယောက်လိုရော ပေါင်းလို့ ရမယ်။ မင်းပေါင်းကြည့်ရင် သိမှာ ပါ။ ဒီကောင်က ခင်ဖို့ ကောင်းပါတယ်။ ပြီးတော့ ငါကလည်း အခုတလော သိပ်မအားဘူးကွ။ ကဗျာစာအုပ်ထုတ်ဖို့ ကိစ္စတွေရော၊ အိမ်စီးပွားရေး တွေရော၊ ကျောင်းစာတွေရော၊ ရှုပ်နေတာပဲ။ ဒီကြားထဲ ကောင်မလေးကလည်း ငါ့ကို စိတ်ကောက်နေလို့ လိုက်ချော့နေရသေးတယ်ကွာ။ ဘာတွေမှန်းကို မသိဘူး။ ဒီတော့ ပြောချင်တာကကွာ ငါ့ညီ ပိုင်လင်းကို မင်းလက်ထဲအပ်ခဲ့မယ်။ မင်းက နည်းနည်းပါးပါး Guide လုပ်ပေးပေါ့"

"နေစမ်းပါဦး၊ ပိုင်လင်းကို ကျွန်တော့်ဆီလွှဲပေးပြီး ခင်ဗျားက ဘယ်သွားမှာ မို့လဲ"

"ဘယ်မှ မသွားပါဘူး၊ ဒီမှာ ပဲရှိမှာ ပေါ့၊ ငါဆိုလိုချင်တာက ပိုင်လင်းကို တစ်ခုမကျန် သိရဖို့ က ငါ့ထက်စာရင် မင်းက ပိုနီးစပ်တယ်၊ အဲဒါကြောင့် မင်းကို အကူအညီတောင်းနေရတာ"

ကျွန်တော်က ကိုသစ်ကို နားလည်စွာ ပြုံးပြလိုက်ပြီး....

"ဖြစ်ပါတယ် ကိုသစ်ရ၊ အချင်းချင်းတွေပဲ ကူညီရတာပေါ့"

"ဒါနဲ့ ညီထက်၊ ဟော့ကောင်...မင်းရော ကဗျာတွေရေးဖြစ်ရဲ့ လား။ ဟိုတစ်လောတုန်းက ကလျာမှာ ဖတ်လိုက်ရတဲ့ တစ်ပုဒ်အပြင် မင်းကဗျာတွေ ထပ်မတွေ့တော့ဘူး။ ဘာလဲ မင်း စာမရေးဖြစ်ဘူးလား"

"ဒီလိုတော့ မဟုတ်ဘူး ဗျ။ ရေးတော့ ရေးဖြစ်ပါတယ်၊ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် စာမျက်နှာပေါ်ကို ရောက်မလာတာမျိုးပါ။ ကျွန်တော်ကတော့ အမြဲရေးနေတာပဲ။ ရှေ့လတောင် ရပ်ရှင် တေးကဗျာမှာ ကဗျာပါဖို့ ရှိသေးတယ်"

"ဩော်...ဒါဆို ကောင်းပါတယ်။ ငါက မင်းမရေးဖြစ်ဘူးထင်လို့ "

ထိုအချိန်တွင် မှ စားပွဲထိုးကောင်လေးက ရောက် လာပြီး...

"အစ်ကိုတို့ ဘာသောက်မလဲ"ဟု မေးသည် ။

ကိုသစ်က စားပွဲထိုးကောင်လေးကို ကျစိမ့်နှစ်ခွက်ဟု ဝတ်ကျေတန်းကျေမှာ ရင်း ကျွန်တော့်ကို သူနောက်ပိုင်း ထပ်ရေးဖြစ်သည့် ကဗျာတစ်ပုဒ်အကြောင်း ပြောနေပြန်သည် ။ ပြောရင်း သူ့လွယ်အိတ်ထဲမှ ကဗျာတချို့ကို ကျွန်တော်ဖတ်ရန် ထုတ်ပြသေးသည် ။ သူ့ကဗျာတွေကို ကျွန်တော် ဖတ်နေချိန်တွင် သူက ဂျိုးသိန်းဆေးပေါ့လိပ်ကို ဟန်ပါပါဖြင့် ကျကျနန ဖွာရှိုက်နေလေသည် ။

ထိုစဉ် ကျွန်တော့်ဘေးဝိုင်းသို့ အနောက်အပြောင်သန်ဟန်တူသော ကျောင်းသားတစ်အုပ် ရောက်လာ ကြသည် ။ တကယ်ဆို ကျောင်းသာတစ်အုပ်ဟု ကျွန်တော်က သုံးနှုန်းလိုက်သော်လည်း အမှန်က ထိုအုပ်တွင် ကျောင်းသားစစ်စစ်က သုံးယောက်သာပါပြီး ကျန်နှစ်ယောက်မှာ မိန်းကလေးများ ဖြစ်ပါသည် ။ အသံတွေ ကျယ်လောင်စွာ ပြောဆိုနောက်ပြောင်နေကြသော သူတို့ အုပ်စုကို တစ်ချက်တော့ ကျွန်တော် လှမ်းကြည့်မိသည် ။

"အင်း...တော်တော်ပျော်စရာ ကောင်းမယ့်အုပ်စုပဲ"

စိတ်ထဲက ကျွန်တောကျိတ်ပြီး တွေးလိုက်သည် ။ ကိုသစ်ကို ကြည့်လိုက်တော့ ဆူညံဆူညံနှင့်မို့ ထိုအုပ်စုကို သိပ်ကျေနပ်ပုံမပေါ်။ မျက်နှာထားကြီးနှင့်ပင် ထိုအုပ်စုကို ဘုကြည့်ကြည့်နေလိုက်သေးသည် ။ တစ်ဖက်အုပ်စုကလည်း ကိုသစ်ကိုမမြင်။ သူတို့ ဘာသာ သူတို့ တချို့ကိစ္စများကို နောက်ပြောင် ပြောဆိုနေ ကြ၏။

"ဝေယံ…ဟော့ကောင်၊ မင်းတစ်နေ့က ဝတ်ရည်ကို ရည်းစားစကား သွားပြောတယ်ဆို"

"အေး….အဲဒါပြောစမ်း ဝေယံ၊ ထွန်းလင်းဦး အဲဒီကောင်ကို သေချာစစ်စမ်းပါဦး၊ ကျွန်မ သူငယ်ချင်းကိုများ … "

"ဟဲ့…မိခိုင်၊ ဇွတ်ရမ်းပြီး ပြောမနေနဲ့ ၊ ဟိုမှာ နင့်သူငယ်ချင်းဝတ်ရည်ကို နင်ပြန်ကြည့်စမ်း၊ ကျေနပ်ပီတိဖြစ်နေတဲ့ ရုပ်နဲ့ ။ တွေ့လား…။ ဝေယံကို ဘယ်လို အဖြေပြန်ပေးရင် ကောင်းမလဲဆိုတာ စဉ်းစားနေတာ။ တော်ကြာ နင်ဝင်ဖျက်လို့ ဖြစ်နေဦးမယ်"

"အောင်မယ်…မသာ၊ သေချင်းဆိုး၊ ငါ့ကိုများ အဲဒီလိုပြောစရာလား"

"ကဲပါ မောင်မောင်ရာ၊ ဝတ်ရည်ကို စမနေနဲ့ ၊ ဒီကောင် ဝေယံကိုပဲ ဝတ်ရည်ကို ရည်းစားစကား ပြောတဲ့ ကိစ္စ သေချာစစ်စမ်းပါ"

"ဝေယံ…၊ ဒီမှာ ငါ့ကို သေချာကြည့်စမ်း၊မင်း ဘာသဘောနဲ့ ဝတ်ရည်ကို ရည်းစားစကား သွားပြောရတာလဲ၊ ဟိုတစ်ခါမင်းကို ငါမေးတုန်းက တော့ ကျွန်တော်က ရိုးသားပါတယ်ဆိုကွ။ အခုတော့ ဘယ်လိုဖြစ်ရတာလဲ"

"ဒါက ဟို…ဟို… "

ကျွန်တော် သူတို့ စကားတွေကို နားထောင်ပြီး သဘောကျစွာ ပြုံးဖြစ်သည် ။ ဝေယံဆိုသည့် ပုဂ္ဂိုလ်ကို လှမ်းကြည့်လိုက်သောအခါ လက်ညှိုးကို ဟိုထိုး၊ သည် ထိုးနှင့် တော်တော် အကျပ်ရိုက်နေပုံရသည် ။ ရုတ်တရက် ကျွန်တော့် အသိဉာဏ်ထဲတွင် ဝေယံဆိုသည့် နာမည်ကို ရင်းနှီးနေသလို ခံစားမိ၏။ ဘယ်တုန်းက၊ ဘယ်နေရာမှာ ၊ ဘယ်လို ပတ်သက်ပြီး ဒီနာမည်ကို သိခွင့်ရခဲ့သလဲဆိုတာတော့ ကျွန်တော် မသဲကွဲ။

ကျွန်တော် ဝေယံကို သေချာထပ်ကြည့်လိုက်ပြန်သည် ။ ကတုံးဆံပင်ပေါက်ခါစ၊ အရပ်ပုပု၊ အသား ဖြူဖြူ၊ ပြီးတော့ တီရှပ်နှင့် ဂျင်းဘောင်းဘီကို ဝတ်ထားသေး၏။ ကြည့်ရတာ ဘရာဇီးဘောလုံးသမားနောက်ခံ ဘယ်အစွန်လူ ရောဘတ်တိုကားလို့ (စ်)နှင့် တော်တော်တူပါသည် ။ ကျွန်တော့်အသိထဲမှာ ဒါမျိုးပုံစံ တစ်ယောက်မှ မရှိ။ ကျွန်တော် ဝေယံကို မမြင်ဖူးတာ သေချာသွားသည် ။

ကိုသစ်က လက်ဖက်ရည်ခွက်ထဲမှ နောက်ဆုံး လက်ကျန်ကို မော့သောက်ပစ်လိုက်ပြီး သူ့လက်ပတ်နာရီကို တကြည့်ကြည့်လုပ်နေ၏။ သူ့အာရုံနှင့်သူမို့ တစ်ဖက်အုပ်စုက ပြောဆိုနေကြသည် ကိုလည်း သူကြားပုံမရ။ ကြည့်ရတာ သူ့ညီ ပိုင်လင်းကို မျှော်နေပုံပေါ်သည် ။

"ကိုသစ်၊ ခင်ဗျားနဲ့ ပိုင်လင်းနဲ့ က ဘယ်မှာ ချိန်းထားကြတာလဲ၊ ဒီကင်န်တင်းမှာ ပဲလား"

ကျွန်တော့်အမေးကြောင့် ကိုသစ်က ခဏတွေသွားပြီး စဉ်းစားနေသည် ။ ပြီးမှ -

"ဟာ သေရောကွာ၊ မင်းပြောမှ ငါ သတိရတယ် ညီထက်ရာ...၊ ပိုင်လင်းက R.C ရှေ့မှာ ချိန်းထားတာကွ။ ငါက ဒီမှာ လာစောင့်နေတယ် ကြည့်စမ်း။ ဟိုကောင် ပိုင်လင်း ငါ့ကိုစောင့်နေရလို့ စိတ်တိုနေလောက်ပြီ။ ငါ သွားခေါ်လိုက်ဦးမယ်။ မင်းနေခဲ့..။ ဘယ်မှ လျှောက်မသွားနဲ့ နော်၊ သိပ်မကြာဘူး၊ ငါ ချက်ချင်းပြန်လာမှာ ကြားလား"

ကျွန်တော် စိတ်ပျက်စွာ ဘာမှ ပြန်မပြောဖြစ်ဘဲ ခေါင်းညိတ်ပြလိုက်၏။ R.C ရှေ့မှာ ချိန်းထားတဲ့ လူတစ်ယောက်ကို ကင်န်တင်းက ထိုင်စောင့်နေရတယ်လို့ ။ ဘယ်လောက်တောင် အူတူတူနိုင်ပါသလဲ။ ဖိုသီဖတ်သီ

ဖြင့် R.C ရှေ့သို့ ထွက်သွားသော ကိုသစ်၏ နောက်ကျောကို ကြည့်ပြီး ကျွန်တော် ရယ်လိုက်မိသည် ။

ထိုစဉ်...

"ဆရာမကြီး ဒေါ်ယမင်း ကြွရောက်လာပါပြီ ခင်ဗျား"

တစ်ဖက်ဝိုင်းမှ ထွန်းလင်းဦးဆိုသူက သူ့အသံဩဩကြီးဖြင့် ထအော်သည် ။ ကျွန်တော်လည်း ဘာရယ်လို့ မဟုတ်ဘဲ သူတို့ အုပ်စုထဲမှ အသစ်ရောက်လာသူ ယမင်းဆိုသည့် ကောင်မလေးကို လှမ်းကြည့်မိသွား၏။

ဟာ...။ ကျွန်တော့်ရင်တစ်ခုလုံး တောက်ပစွာ လင်းလက်လာသလို ခံစားလိုက်ရလေသည် ။ သိုးကလေး...။ အဲဒါ ငါ့ရဲ့ သိုးကလေးပေါ့။

သိုးကလေးသည် အဖြူရောင်ဆွတ်ဆွတ် လက်ရှည်အင်္ကျီကို ဝတ်ထားပြီး လုံချည်မှာ အနက်ရောင် ဖြစ်သည် ။ ပထမအကြိမ်တုန်းကအတိုင်းပင် ကချင်လွယ်အိတ်အနက်နှင့် စတီးထမင်းဘူးအပြားလေးကို သူနှင့် တွဲ၍ တွေ့ရ၏။ သူ ရောက်လာ၍ ဝတ်ရည်ဆိုသည့်ကောင်မလေးက မိခိုင်ဘက်သို့ နည်းနည်းတိုးပေးသည် ။ သိုးကလေးက ခပ်တည်တည်ဖြင့် ဝင်ထိုင်ရင်း...

"နင်တို့ တစ်တွေ အဲဒါကြောင့် ခက်နေတာပေါ့၊ ဒီမှာ ဆရာမတစ်ယောက်လုံး ရောက်လာတာတောင်မှ လက်ဖက်ရည်မှာ ပေးဖော်မရဘူး ။ ဝေယံ...ဟေ့ကောင်၊ နင် ဝတ်ရည်ကို ကျူးလွန်ထားတဲ့ အမှု ငါသိပြီးပြီနော်။ သဘောပေါက်လား။ အခု ငါ့ကို လက်ဖက်ရည်တိုက်၊ ဒါပဲ"

ဝေယံက ပုံမှန်တစ်ခွက်ဟု လှမ်းမှာ သည် ။ (နောင်အခါ သိုးကလေးအတွက် လက်ဖက်ရည် ပုံမှန်တစ်ခွက် မှာ ပေးရမည့်သူမှာ ကျွန်တော်

ကိုယ်တိုင် ဖြစ်လာလိမ့်မည်ဆိုတာ ဒီကတည်းက ကျွန်တော် ကြိုတွေးမိခဲ့ဖို့ ကောင်းသည် ။)

အခုမှ ပင် ကျွန်တော် သတိရမိသည် ။ ဝေယံ...ကျွန်တော့်ကို သိုးကလေးက လူမှားသလို၊ ဘာလို လိုနှင့် သူ၏ ပစ္စည်းတွေ ညာပြီး ကိုင်ခိုင်းစဉ်က ခေါ်သော နာမည် ဖြစ်၏။ ဝေယံကို ကျွန်တော် ထပ်ကြည့်မိ ပြန်သည် ။

ကျွန်တော်နှင့် မှားစရာ တစ်နေရာမှ မရှိ။ အရပ်ပုပု၊ ကတုံးဆံပင်နှင့်...။ ကျွန်တော့်အရပ်က ရှည်ရှည်၊ ပြီးတော့ ဆံပင်ကလည်း တော်တော်ရှည်သည် ။ တခြားစီ...။ ရုပ်ကိုလည်း ကြည့်ဦး။ ဝေယံရုပ်က ဘရာဇီးဘောလုံးသမား ရောဘတ်တိုကားလို့ (စ်)လို ရုပ်မျိုး။ အဲဒီရုပ်နဲ့ များ ငါ့ကို မှားရတယ်လို့ ။

....သိုးအစုတ်ပလုတ်ကလေး။

ဝေယံနှင့် သိုးကလေးကို ယခုကဲ့သို့ တွဲ၍ တစ်ဝိုင်းတည်း မြင်လိုက်ရခြင်းအားဖြင့် ကျွန်တော် အရူးလုပ်ခံလိုက်ရသည် မှာ ပိုမိုသေချာသွားသည် ။ သို့သော် သူ့ကို ကျွန်တော် စိတ်မဆိုးဖြစ်။ ကျွန်တော့်မှာ ရယ်ချင်စိတ်နှင့် သူ၏ လုပ်ပုံ၊ ကိုင်ပုံတစ်ချို့ကိုသာ ပြန်တွေးရင်း မြတ်နိုးနေမိသည် ။

ဒါပေမဲ့ ဒီကိစ္စတွေကို ကျွန်တော်သိနေပြီဆိုတာတော့ သိုးကလေးကို သိစေချင်သည် ။ အဲဒီအခါ ကျရင်သာ သိုးကလေးမျက်နှာက ကျွန်တော့်ကို ရှက်ရွံ့ပြီး အားနာနေမလား။ ဒါမှ မဟုတ် အရင်လိုပဲ ခပ်တည်တည်နှင့် မျက်နှာပြောင်တိုက်ပြီး ကျွန်တော့်ကို ထပ်လှည့်ဖျားဦးမလား။ ဒါမှ မဟုတ် သူ၏ အပြစ်တွေ အတွက် ကျွန်တော့်ကို ဝန်ချတောင်းပန်မလား ။ ကျွန်တော်သိချင်လှ၏။

သိုးကလေးကိုကြည့်၍ ကျွန်တော် ခန့်မှန်းရသည် မှာ ကျွန်တော့်ကို ဝန်ချတောင်းပန်ဖို့ ဆိုသော နောက်ဆုံးအချက်မှာ လွဲ၍ ကျန်တဲ့ နှစ်ချက်ကို လုပ်ကောင်းလုပ်နိုင်သည် ။ သို့သော် ဒါသည် လည်း သိပ်မသေချာလှပါ။ သူသည် လူတစ်ယောက်အား မထင်မှတ်သည့်နေရာမှ တုံ့ပြန်ရာ၌ ထူးချွန်သူတစ်ယောက် ဖြစ်လိမ့်မည်ဟု ကျွန်တော် တွေးထင်မိ၏။ လူတစ်ယောက်ကို သိပ်မနစ်နာဟု သူကယူဆခဲ့လျှင် သူသည် ထိုလူအပေါ် တောင်းပန်ဖို့ ဝန်လေးလိမ့်မည် ထင်ပါသည် ။

ကံအားလျော်စွာ ကျွန်တော်ကလည်း သိုးကလေး၏ ထိုစရိုက်ကို သဘောကျနှစ်ခြိုက်သူတစ်ယောက် ဖြစ်နေခဲ့သည် ။ သိုးကလေး၏ အကြောင်း ဖြစ်နိုင်ခြေများကို လျှောက်တွေးနေရာမှ ကျွန်တော် သူတို့ ဝိုင်းမှ စကားသံများကို နားစွင့်လိုက်မိပြန်သည် ။ စကားဝိုင်းကို သူ၏ အသံစီစီရီရီလေးများက လွှမ်းမိုးထား၏။

"ခက်ပုံခက်နည်းက ဒီလို ထွန်းလင်းဦးရဲ့ ... "

ဟော...လုပ်ပြန်ပြီ။ စကားကို လူလိုမပြောဘဲ စာလိုပြောနေသော သူ့ကို ကြည့်ရင်း ကျွန်တော့်မှာ ထူးဆန်းနေရသည် ။ ပြီးတော့ သူက စကားပြောလျှင် သူ့ကိုယ်သူ ဆရာမ ဟု ခပ်တည်တည်ပင် ပြောပါသည် ။ ဘာဆရာမလဲဆိုတာတော့ ကျွန်တော်လည်း မသိပါ။ သိုးကလေး၏ စကားအဆုံးတိုင်းတွင် သူတို့ ဝိုင်းမှ တဝါးဝါး၊ တဟားဟား၊ ရယ်သံများကို ကြားရတတ်၏။ တတ်လည်း တတ်နိုင်သည့် သိုးကလေး...။ ကျွန်တော် သူ့ကို သီးသီးသန့်သန့် အသိအမှတ်ပြုလိုက်မိသည် ။ မြင်ရသည့် အနေအထားအတိုင်း သိုးကလေးကို ကျွန်တော်က ခေါင်းအနည်းငယ်စောင်း၍ သေချာကြည့်မိသွား၏။ သူက ထွန်းလင်းဦး ပြောသည့် စကားတချို့ ကြောင့် သူ့လက်ဖဝါးဖြင့် ပါးစပ်ကိုပိတ်ကာ ရယ်နေပြန်သည် ။

ရုတ်တရက် သိုးကလေးက ကျွန်တော်ရှိရာသို့ မျက်စိကစားရင်း အကြည့်ရောက်လာ၏။ ကျွန်တော်က သူ့ကို ကျကျနန ငေးကြည့်နေခြင်းဖြစ်ရာ သူနှင့် မျက်လုံးချင်းမဆုံဖို့ ဘယ်လိုမှ ပြင်ဆင်ချိန်မရလိုက်...။ ကျွန်တော် အငိုက်မိသွားသည် ။ သိုးကလေးက သူ့ကို စိုက်ကြည့်နေသော ကျွန်တော့်ကို မြင်သွားသောအခါ ပထမတော့ အံ့ဩသွားဟန်တူသည် ။ နောက်တော့ မှတ်မိသွား၏။

ထိုအခါ ချက်ချင်းပင် မျက်နှာလွှဲသွားပြီး သူတို့ စကားဝိုင်းကိုသာ အာရုံဝင်စားနေဟန်ဆောင်နေသည် ။ သို့သော် ခဏမျှကြာသောအခါ ကျွန်တော်ရှိရာသို့ မျက်လုံးကိုဝေ့ရင်း ကြည့်ပြန်သည် ။ ကျွန်တော်နှင့် မျက်လုံးချင်းထပ်ဆုံတော့ သူ့နှုတ်ခမ်းတို့ သည် ရယ်ချင်နေသည့်ပုံဖြင့် အကြည့်ကို လွှဲသွားလေသည် ။ ကျွန်တော် သူ့ကို မခံချင်ဖြစ်သွား၏။

ကြည့်စမ်း...ငါ့ကိုလည်း အရူးလုပ်သေးတယ်။ အခုလည်း မထီမဲ့မြင်နဲ့ ...။ ဒီသိုးစုတ်ကလေးတော့ ငါ မှတ်လောက်အောင် ပညာပြန်ပေးမှ ဖြစ်မယ်။

ကျွန်တော် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်ပစ်လိုက်သည် ။ နောက်... သိုးကလေးတို့ ဝိုင်းသို့ တစ်လှမ်းချင်းလျှောက်ရင်း သူ့ကို ဘယ်လိုရင်ဆိုင် တုံ့ပြန်ရမလဲဆိုတာ ကျွန်တော် စဉ်းစားနေမိ၏။ သိုးကလေး တို့ ဝိုင်းသို့ ရောက်သည် အထိ ကျွန်တော် ဘာလုပ်ရမည်၊ ဘာပြောရမည်ကို သေသေချာချာ မဆုံးဖြတ်ရသေး။ စကားပြောနေကြသော သူတို့ အုပ်စုသည် ရုတ်တရက်ရောက်လာသည့် ကျွန်တော့်ကြောင့် ပြောလက်စ စကားများ ရပ်သွားပြီး ကျွန်တော့်ကို ဝိုင်းကြည့်ကြလေသည် ။

သူတို့ သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ဘယ်သူ့အသိလဲ ဆိုသည့် မေးခွန်းကို မျက်လုံး များ ဖြင့် မေးကြ၏။ သိုးကလေးကလည်း

တကယ်ပင် သူဘာမှ မလုပ်ခဲ့သလို ရောယောင် အံ့ဩပြနေသည် ။ မထူးတော့...။ ကျွန်တော် တဲ့ တိုးပြောမှ ပင် ဖြစ်တော့မည်။ အင်း...တကယ်တမ်းပြောမည်ဆိုတော့ ဘယ်က ဘယ်လိုစပြီး ပြောရမှန်း ကျွန်တော် မသိ။ သိုးကလေး...အို...မဟုတ်သေးပါဘူး။ အဲဒီလို သွားခေါ်လို့ မဖြစ်သေး။ သူ့နာမည်က ဘာတဲ့ ။ ဩော်... ဟုတ်ပြီ။ မှတ်မိပြီ ယမင်း။

"ဒီမှာ ရှင်အူကြောင်ကြောင်နဲ့ ယမင်းကို ဘာလာကြည့်နေတာလဲ"

မိခိုင်ဆိုသည့်ကောင်မလေးက ကျွန်တော့်ကို မာရေကျောရေဖြင့် မေးလိုက်မှ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် သတိထားမိသွားသည် ။ ဟုတ်သားပဲ...။ ငါက သိုးကလေးကို လူရှေ့မှာ အူကြောင် ကြောင်နဲ့ ရပ်ကြည့်နေတာကိုး...။

"ကျွန်တော် သူနဲ့ ရှင်းစရာ ပြဿနာတစ်ခုရှိလို့ ပါ။ အဲဒါလူများမှာ စိုးလို့ သေချာကြည့်နေတာ"

ကျွန်တော့်အဖြေစကားကြောင့် တစ်ဝိုင်းလုံးက သိုးကလေးကို ဝိုင်းကြည့်ကြပြန်၏။ ထိုအခါ သူလည်း မနေသာတော့ပဲ....

"ဒီလိုပဲ့... ဟိုတစ်နေ့က သူ့ကို ငါက လူမှားပြီးခေါ်မိလို့ ဟာ။ အဲဒီကိစ္စကို အဓိပ္ပာယ်မရှိ ငါ့ကို ပြဿနာလာလုပ်နေတာ... "

"ဟေ့ကောင် မင်းကလည်း ကွာ လူလေးမှားခေါ်မိတာနဲ့ ဒီလောက်ပြဿနာလုပ်ဖို့ မကောင်းပါဘူး။ ကျောင်းသား၊ ကျောင်းသူအချင်းချင်း တွေပဲ ဥစ္စာ... "

မောင်မောင်က ဘုမသိ၊ ဘမသိ ကျွန်တော့်ကို ဝင်ရောက်အပြစ်တင်သည် ။ ကျွန်တော်လည်း ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ...။ မအီမလည်နှင့် ဒေါသလည်း ထွက်လာ၏။

"ခင်ဗျားက ဘယ်လောက်သိလို့ ဝင်ပြောရတာလဲ။ လူမှားခေါ်မိရုံတင် မကဘူးဗျ"

"ဟုတ်လား....ဘာတွေဖြစ်ကြသေးလို့ လဲ"

ကျွန်တော် မောင်မောင်အမေးကို မဖြေသေးဘဲ သိုးကလေးကို လှမ်းကြည့်လိုက်သည် ။ သူလည်း ရဲဝံ့စွာပင် ကျွန်တော့်ကိုပြန်ကြည့်နေသည် ။ သူ၏ မျက်ဝန်းတို့ ကို ဖတ်ရသည် မှာ မျက်မှန်သေးသေးလေးက တစ်ဆင့်ခံနေသဖြင့် သိပ်မပြတ်သား...။ သို့တိုင်အောင် ကျွန်တော်က ကြိုးစားဖတ်ကြည့်နေမိသေး၏။ ထိုစဉ် မောင်မောင်က...

"သူငယ်ချင်း ကိုယ်မေးတာကို ဖြေဦးလေ"

"ဖြေမယ်ဗျာ၊ ဖြေမယ်...၊ ခင်ဗျားတို့ သူငယ်ချင်း ယမင်းက ကျွန်တော့်ကို လူမှားခေါ်ရုံတင် မဟုတ်ဘူး ။ သူထဘီဝတ်မလို့ ဆိုပြီး လွယ်အိတ်နဲ့ ထမင်းဘူးကိုလည်း ခဏကိုင်ခိုင်းသေး တယ်။ ပြီးတော့မှ လူမှားသွားလို့ တဲ့ ...။ ပိုဆိုးတာက ကျွန်တော့်ကို ဘယ်သူ့နဲ့ မှားတာလဲ သိလား"

"မသိဘူးလေကွာ.... "

မောင်မောင်က မသိဘူးလေကွာဟု ဆိုလိုက်သော်လည်း သူ့မျက်နှာက ကျွန်တော့်စကားများကြောင့် ရယ်ချင်စပြုနေပြီ။ မောင်မောင်သာမဟုတ်ဘဲ တစ်ဝိုင်းလုံးကလည်း ကျွန်တော် ဆက်ပြောမည့်စကားကို စိတ်ဝင်တစား နားထောင်နေကြသည် ။ ကျွန်တော်လည်း အခုမှ မထူးတော့ဟု စိတ်ကိုပိုင်းဖြတ်ရင်း ဝေယံကို လက်ညှိုးဖြင့်ထိုးကာ ပြောလိုက်၏။

"သူနဲ့ မှားတာတဲ့ ဗျာ၊ ဝေယံနဲ့ တဲ့ ...။ ခင်ဗျားတို့ စဉ်းစားကြည့်ကြစမ်းပါဦး။ ဒီလူနဲ့ ကျွန်တော့်ကို မှားစရာ ဘာရှိလို့ လဲ"

ကျွန်တော့်စကား အဆုံးတွင် သိုးကလေးမှ လွဲ၍ တစ်ဝိုင်းလုံးက ဝါးခနဲ ဝိုင်းရယ်ကြသည် ။ ထိုအခါကျမှ ကျွန်တော်လည်း တော်တော်ရှက်သွား၏။ ကျွန်တော် ရှက်သွားပုံကို မြင်တော့မှ သိုးကလေးက ရယ်လေသည် ။

"အေးလေ...ယမင်းရယ်၊ နင်ကလည်း ဝေယံနဲ့ သူ့ကိုမှားတာတော့ လွန်တာပေါ့။ ဟီး...ဟီး ဟီး"

ထွန်းလင်းဦးက သိုးကလေးကို အပြစ်တင်သလိုလို၊ ဘာလိုလိုနှင့် ကျွန်တော့်ကို ဟာသလုပ်နေ၏။ ဝေယံကတော့ အူကြောင်ကြောင်ပုံစံနှင့် ကျွန်တော့်ကို အသေအချာ ကြည့်နေပြန်သည် ။ မိခိုင်နှင့်ဝတ်ရည်တို့က အသံကိုဆွဲ၍ ခပ်သောသောရယ်နေကြဆဲ။

"ယမင်းနဲ့ မှ မင်းက သွားတွေ့တာကိုး...။ သူက အဲဒီလိုပဲ....။ ခပ်တည်တည်နဲ့ နောက်တတ် တယ်ကွ။ ငါတို့ တွေလည်း အရင်က အဲဒီလိုခံရတာပဲ။ နောက်တော့လည်း ရိုးသွားတာပေါ့။ ကဲ ငါကပဲ ယမင်း အစားကြားထဲက တောင်းပန်ပါတယ်။ ကျေနပ်လိုက်ပါကွာ...နော်"

ကျွန်တော့်ကို မောင်မောင်က ကြားထဲမှ ဝင်တောင်းပန်သည် ။ သိုးကလေးကို ကျွန်တော် လှမ်းကြည့် လိုက်သောအခါ သူနှင့်မဆိုင်သလိုပင် ဝတ်ရည်လက်မှ လက်ကောက်များကို ကိုင်ကြည့်နေသည် ။ တစ်ဝိုင်းလုံးရှိ ဘာမှ မဆိုင်သော သူငယ်ချင်းများကသာ ကျွန်တော့်ကို ဝိုင်းတောင်းပန်ကောင်း တောင်းပန်ကြလိမ့်မည်။ ကာယကံရှင်ဖြစ်သော သိုးကလေးကတော့ ထိုအဖြစ်အပျက်လောက်နှင့် ကျွန်တော့်ကို တောင်းပန်ဖို့ဆိုတာ စိတ်ကူးမိပုံပင်မရ...။ ကျွန်တော်က သက်ပြင်းကိုသာ လေးတွဲ့ရှည်လျားစွာ ချလိုက်မိ၏။ နောက်... တစ်ဝိုင်းလုံးကို ကျွန်တော် ညင်သာစွာ ပြုံးပြဖြစ်သည် ။

"ရပါတယ်....။ ကျွန်တော် စိတ်မဆိုးပါဘူး။ သူက နောက်လိုက်တာပဲ။ ဘာပဲဖြစ်ဖြစ် အမှတ်တရ ပေ့ါ။ ကဲ ကျွန်တော် သွားမယ်။ ခွင့်ပြုကြပါဦး"

ကျွန်တော်က တည်ငြိမ်စွာ ပြောပြီးနောက် လှည့်ထွက်လာခဲ့သည် ။ ဆိုင်ကောင်တာတွင် ထိုင်နေသော အစ်မကြီးဆီမှာ လက်ဖက်ရည်ဖိုး ဝင်ရှင်းလိုက်၏။ ကိုသစ်ကလည်း ပိုင်လင်းကို သွားခေါ်တာ ပြန်ပေါ်မလာတော့...။ လက်ဖက်ရည်ဖိုးလည်း ကျွန်တော်ပဲ ရှင်းလိုက်ရပြီ။ ကျွန်တော် R.C ရှေ့သို့လိုက်သွားရန် စိတ်ကူးရလိုက်သည် ။ မြကျွန်းသာဆိုင်မှ ကော်ရစ်ဒါသို့ အချိုးတွင် ကျွန်တော် သိုးကလေးကို ဖျတ်ခနဲ လှမ်းကြည့်ပစ်လိုက်၏။

ဟော မိပြီ။ သိုးကလေးကလည်း ကျွန်တော့်ကို သေချာလိုက်ကြည့်နေသည် မဟုတ်ပါလား။

သူ၏ မျက်ဝန်းများ သည် ရှက်ရွံ့ကြောက်လန့်ခြင်း ကင်းမဲ့စွာ ကျွန်တော့်ကို ကြည့်နေဆဲ...။ ဒါသာမန် မဟုတ်သည့် မိန်းမတစ်ယောက်၏ ထူးခြားမှုတစ်ခုဖြစ်နေစေဦးတော့ ထိုထူးခြားမှုကို ကျွန်တော် ရင်ခုန်ပါသည် ။ ရုတ်တရက် ကျွန်တော် စိတ်ကူးရသွားပြီး ကျွန်တော့်ကို လိုက်ကြည့်နေသော သိုးကလေးအား မျက်စိတစ်ဖက် မှိတ်ပြလိုက်၏။ နောက်...မျက်နှာကိုလွှဲရင်း R.C ရှေ့သို့ ခပ်သုတ်သုတ်လေး လျှောက်သွား တော့သည် ။

ငါမျက်စိမှိတ်ပြလိုက်လို့ သိုးကလေး ဘယ်လိုဖြစ်ပြီး ကျန်ခဲ့မှာ ပါလိမ့်။ ဒေါသများ ထွက်နေမလား။ ရှက်များ ရှက်သွားမလား။ (ဒါတော့ သိပ်မဖြစ်နိုင်ပါ)။ တွေးရင်း ကျွန်တော် ပျော်နေမိသည် ။

ကျွန်တော်၏ ဖြူစင်စွာသော တိရစ္ဆာန်မလေးသည် အမြဲလိုလိုပေါက်

ကွဲဖို့ အသင့်ရှိနေတတ်သည့် မီးတောင်တစ်လုံးလည်း ဖြစ်နေလေသည်
။

*